# သူရဲကောင်းပုံပြင်



MOHINGA
MATTERS



မြန်မာပြည်မှာ သူရဲကောင်းကိုစောင့်တဲ့ ခလေး ရှိတယ်။ သူရဲကောင်းတွေ သိပ်ပေါ်လို့တော့ မဟုတ်ဘူး။
ကိုယ့်ပြဿနာကို တစ်ယောက်ယောက်က ဝင်ဖြေရှင်းသွားမလားစောင့်ကြတာပေါ့။


သီပေါမင်းပါတော်မူစဉ်က
မြန်မာတချို့က ချက်ချင်းတိုက်ဖို့ မတွေးဘဲ
အချိန်တန်ရင် မင်းသားတစ်ပါးပါး
လာကယ်မှာပဲလို့ စောင့်ကြဖူးသတဲ့။


ခုရော ဘာထူးလဲ.....
စစ်တပ်က အာဏာသိမ်းတော့ ကျွန်တော်တို့တွေက
UN က လာကယ်မလား
၃-၄လ လောက်အထိ
3
အမေရိကန်စစ်တပ်က ဝင်လာမလား
စောင့်ခဲ့ကြသေးတာလေ။


သူရဲကောင်းက မပေါ်ခဲ့တာတော့ မဟုတ်ဘူး၊
ဟိုးရှေးပဝေဿနီကတည်းက ရှိခဲ့တာပေါ့။
ပုဂံခေတ်မှာပေါ်ခဲ့ဖူးတဲ့ သူရဲကောင်းတွေအကြောင်းကို ပုဂံသူရဲကောင်းများ နာမည်နဲ့ ဒေါ်ခင်မျိုးချစ်က အင်္ဂလိပ်ဘာသာနဲ့ရေးခဲ့ပြီး ဆော်တာဆွေက ဘာသာပြန်ခဲ့တယ်။
ပုဂံ
သူရဲကောင်းများ
ဗုဒ္ဓကိုယ်တိုင်လဲ သစ္စာရှာဖို့ မြင်းစီးခဲ့တဲ့ သူရဲကောင်းတစ်ယောက်မဟုတ်လား။


သူ့နောက်မှာတော့ မှတ်တမ်းစာပေနဲ့ အတိအကျရှိခဲ့တဲ့ သူရဲကောင်းတွေ နယ်ပယ်အလိုက်ရှိပါတယ်။
မြန်မာပြည်ကို ကိုလိုနီစနစ်က လွတ်စေခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ကမ္ဘာ့အလယ်မှာ မြန်မာလို့ ထင်ရှားစေခဲ့တဲ့ ဦးသန့်၊ မြန်မာ့အမျိုးသမီးစာပေပညာရှင်လူထု ဒေါ်အမာ၊ စသဖြင့် ရှိခဲ့တယ်။


နွေဦးတော်လှန်ရေးမှာတော့ သူရဲကောင်း တစ်ဦးတစ်ယောက်က တို့တွေကို လာမကယ်မှန်း
ကံအားလျော်စွာ စောစောစီးစီးသိလိုက်ရတယ်။ (UN ရဲ့ ကျေးဇူးနဲ့)


ဒါကြောင့်ပဲ အာဏာသိမ်းပြီး ၁ နှစ်အတွင်း
CDM
စစ်အာဏာရှင်ကို
အကြမ်းမဖက်ဆန့်ကျင်ဆန္ဒပြရာက


ခုခံတော်လှန်စစ်ကိုပြောင်းပြီး
MAL MAL
အခုဆို အာဏာရှင်ရှိတဲ့ အနီးအနားအထိ
နားရွက်တံတွေးတက်စွတ်နိုင်တဲ့ အခြေအနေ
လောက်ဖြစ်လာတာပေါ့။


ဒီထဲမှာ သူရဲကောင်းတွေက သူ့နေရာနဲ့သူ ရှိနေပြန်ရော
CDM ဝန်ထမ်းတွေ
PDF ရဲဘော်တွေ
ဖရဲသီးတွေ
Click to donate
နည်းပညာရှင်တွေ
ထောက်ပို့တွေ
DEMO CRACY
ပျောက်ကြားဆန္ဒထုတ်ဖော်နေဆဲ လူငယ်တွေ
အဘက်ဘက်က ထောက်ပံ့နေတဲ့ ပြည်သူလူထုတွေ


အရင်နဲ့ မတူတာက သူရဲကောင်းတစ်ဦး
တစ်ယောက်တည်းကို မှီခိုတော့တာမဟုတ်ဘူး
DEMO
CRACY
သူ့နေရာနဲ့သူ ထိုးထွက်ဦးဆောင်လာတဲ့
သာမန်လူထဲက သာမန်လူတွေ


ပုဂံခေတ်ဦးက ပုံပြင်တစ်ပုဒ် ရှိခဲ့ဖူးတယ်။
ခန္ဓာကိုယ်အရွယ်အစားတင် မြို့တစ်မြို့စာလောက် ရှိတဲ့ ငှက်ကြီးတစ်ကောင်က အဲဒီခေတ်မှာ ဗိုလ်ကျနေတာတဲ့။


တစ်နေ့ကို အပျိုတော် ၇ ယောက်စားသတဲ့
အပျိုတော်တွေကလည်း မှည့်တစ်ပေါက်မစွန်းရဘူး၊ မပိန်ရဘူး၊ မဝရဘူး။ အဲ့လိုလဲ ချေးများသေးတာ
မလွန်ဆန်နိုင်တဲ့ မိသားစုတွေက အပျိုတော်တွေကို ငှက်ကြီးဆီ ဆက်သရတယ်။


သားကောင်မဖြစ်လိုသူတွေကတော့
ဂူတွေ လှိုဏ်ခေါင်းတွေကတဆင့်
တစ်နယ်တစ်ကျေးကို ပြေးရသတဲ့
အဲဒီ ပုဂံက ဂူတွေ၊ လှိုဏ်ခေါင်းတွေက
မန္တလေးအထိ ရောက်တယ်
လို့ ဆိုကြသလို
ပင်လယ်ထဲလည်း ပေါက်တယ်လို့
တချို့က ပြောခဲ့ကြတယ်။


အခုခေတ်ကိုကြည့်ရင်လည်း
အလားတူဖြစ်ရပ်မျိုး
ရင်ဆိုင်နေရတာပေါ့
မအလဆိုတဲ့ ခေတ်သစ်ငှက်ဆိုးကြီးက
အရွယ်ကောင်း၊ အမျိုးကောင်းတွေကို
စစ်မှုထမ်းဥပဒေရယ်လို့
အတင်းသွတ်သွင်းနေတော့
ရွာတွေကနေ ပြေးပုန်းကြတဲ့
လူတွေကလည်း
နိုင်ငံခြားရောက်လိုရောက်၊
တောထဲပေါက်လိုပေါက် ဖြစ်ကြရတယ်။


ပုံပြင်ထဲမှာတော့ သူရဲကောင်းတစ်ယောက်
ပေါ်လာပြီး ငှက်ကြီးကို ချေမှုန်းခဲ့တာပေါ့။
ဒီနေ့မှာတော့ ဂဏ္ဍစုံက သူရဲကောင်းတွေက
ခေတ်သစ်ငှက်ဆိုးကြီးကို အတူတကွ
နှိမ်နှင်းဖို့ ကြိုးစားနေကြပါတယ်။


ကိုယ်ကလည်း ဒီထဲကတစ်ယောက်ဖြစ်နေရင်
မှန်ကြည့်လိုက်တိုင်း မြန်မာပြည်မှာ လိုအပ်နေတဲ့သူရဲကောင်းမြောက်မြားစွာထဲက တစ်ယောက်ကို မြင်နေရမှာပါ။
ကြည့်မှန်ကြည့်တိုင်း အကြိမ်ကြိမ် ရှင်သန်နေမှာပေါ့။
ပြီး